ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန

ပြည်သူ့အင်အားဦးစီးဌာန

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေ

(၂၀၁၃ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၉)

(၂၀၁၃ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

ရခိုင်

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေပြဋ္ဌာန်း

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေ
## (၂၀၁၃ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၉)
## ၁၃၇၅ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်
## (၂၀၁၃ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

## နိဒါန်း

နိုင်ငံတော်၏ လူဦးရေ၊ တိရစ္ဆာန်၊ အဆောက်အအုံ၊ ပစ္စည်း၊ လုပ်ငန်းစာရင်းတိနှင့် စာရင်းအင်းဆိုင်ရာ အချက်အလက်တိကို တိကျမှန်ကန်စွာရဟိနိုင်ရန် သန်းခေါင်စာရင်းကောက်ယူခြင်း၊ ယင်းပိုင်ကောက်ယူရာမာ နိုင်ငံတကာစံချိန်စံညွှန်းတိနှင့်အညီ ကောက်ယူစွာ နှင့် ယင်းစာရင်းဇယားတိကို အခြေခံပနာနိုင်ငံတော်၏ လူမှု စီးပွား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စတိမာ အကျိုးဟိစွာ အသုံးချပြုနိုင်ဖို့ ပြည်ထောင်စု လွှတ်တော်ရေအေဥပဒေ ကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## နာမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ အေဥပဒေကို လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေဟုခေါ်စီရဖို့။

၂။ အေဥပဒေမာ ပါဟိရေ အောက်ပါစကားရပ်တိကို ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စီရဖို့။

(က)အစိုးရအဖွဲ့ဆိုစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ကို ဆိုသည်။

(ခ)သန်းခေါင်စာရင်းဆိုရာမာ လူ၊ တိရစ္ဆာန်၊ အဆောက်အအုံ၊ ပစ္စည်းလုပ်ငန်းစာရင်းတိနှင့် စာရင်းအင်းဆိုင်ရာ အချက်အလက်တိ ပါဝင်သည်။

(ဂ) အဆောက်အအုံဆိုရာမှာ လူနှင့်ထိုင်ရာနိန်ရာ၊ တိရစ္ဆာန်ထားရာနိန်ရာ၊ ပစ္စည်းထားရာနိန်ရာနှင့် အလုပ်လုပ်ရာနိန်ရာရို့ ပါဝင်သည်။

(ဃ) အိမ်ထောင်ဦးစီးဆိုစွာမာ အေဥပဒေပါကိစ္စအလို့ငှာအိမ်ထောင်စုအတွက် ဦးစီး

တာဝန်ယူရလူကို ဆိုသည်။

(င) စာရင်းကောက်ဆိုရေမှာ သန်းခေါင်စာရင်းကောက်ယူရာမှာ သတ်မှတ်ထားရေ စာရင်းကောက် နယ်နိမိတ်ထဲ တစ်အိမ်တက်ဆင်းလားရောက်ပြီး ပုံစံပါမိန်းခွန်းတိကို မိန်းမြန်းပြီးကေ ပုံစံရီးသွင်းလူ ကိုလည်းကောင်း ပုံစံရီးသွင်းနည်း ညွှန်ကြားချက်-တိကို အိမ်ထောင်စုတိုင်းကို ကြိုတင်ဝေငှထားပြီး အိမ်ထောင်ဦးစီး (ယေမှမဟုတ်) အိမ်ထောင်စု၏ တာဝန်ဟိသူ အိမ်ထောင်စုဝင်တိ ကိုယ်တိုင်အဖြေတိကို ရီးသွင်းစီပနာ ယင်းပုံစံတိကို ပြန်လည်သိမ်းဆည်းလူကိုလည်းကောင်း ဆိုသည်။

(စ) စာရင်းစစ်ဆိုစွာမှာ သန်းခေါင်စာရင်းကောက်ယူရာမှာ သတ်မှတ်ထားရေဒေသထဲ စာရင်းကောက်တိကို ကြီးကြပ်စစ်ဆေးလူကို ဆိုသည်။

(ဆ) ဝန်ကြီးဌာနဆိုစွာမှာ ပြည်ထောင်စုအစိုးရ လူဝင်မှုကြီးကြပ်ရေးနန့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကို ဆိုသည်။

(ဇ) ဝန်ကြီးဆိုစွာမှာ လူဝင်မှုကြီးကြပ်ရေးနန့် ပြည်သ့ူအင်အားဝန်ကြီးဌာန ပြည်ထောင်-စုဝန်ကြီးကိုဆိုသည်။

(ဈ) တာဝန်ရှိသည့်အဖွဲ့အစည်းဆိုစွာမှာ လူဝင်မှုကြီးကြပ်ရေးနန့်ပြည်သူ့အင်အားဝန်-ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနကို ဆိုသည်။

## အခန်း( ၂ )
## သန်းခေါင်စာရင်း ကောက်ယူခွင့်

၃။ အစိုးရအဖွဲ့ရေ

(က) မြန်မာနိုင်ငံတစ်ဝန်းလုံးမာဖြစ်စီ၊ တစ်စိတ်တစ်ဒေသမာဖြစ်စီ သန်းခေါင်စာရင်း ကောက်ယူနိုင်သည်။

(ခ) သန်းခေါင်စာရင်းကောက်ယူဖို့ ခက်ခဲရေနေရာဒေသတိအတွက် ကောက်ယူနိုင်ဖို့ နည်းလမ်းတိကို လေ့လာသုံးသပ်ပနာ အသင့်လျော်ဆုံးနည်းကို ကောက်ယူနိုင်သည်။

၄။ သန်းခေါင်စာရင်းကောက်ယူရာမှာ နိုင်ငံတကာစံချိန်စံညွှန်းတိနန့် ညီညွတ်မှုဟိစီဖို့အတွက် ကုလသမဂ္ဂစာရင်းအင်း ကော်မရှင်က ကမ္ဘာတစ်ဝန်း အတည်ပြုသတ်မှတ်ထားသောမူတိ၊ အကြံပြုချက်တိကို ထည့်သွင်း ဆောင်ရွက်ရမည်။

# အခန်း(၃)

## ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဖွဲ့စည်းခြင်းနန့် ယင်း၏တာဝန်နန့် လုပ်ပိုင်ခွင့်တိ

၅။ အစိုးရအဖွဲ့ရေ ပုဒ်မ ၃ အရ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ဖို့ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ကို ဖွဲ့စည်းရမည်။

၆။ နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်ရေ ဒုတိယသမ္မတတစ်ဦးရေ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်၏ နာယက ဖြစ်သည်။

၇။ အစိုးရအဖွဲ့ရေ အောက်ပါပုဂ္ဂိုလ်တိနန့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ကို ဖွဲ့-စည်းရမည်။

(က) ပြည်ထောင်စုဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနန့်ပြည်သူ့အင်အားဝန်ကြီးဌာန — ဥက္ကဌ

(ခ)သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးတိ — ဒုတိယဥက္ကဌနှစ်ဦး

(ဂ) သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနန့် ဆက်စပ်ဆောင်ရွက်ရဖို့ ဝန်ကြီးဌာနတိမှ ဒုတိယဝန်ကြီးတိ — အဖွဲ့ဝင်တိ

(ဃ) ဒုတိယဝန်ကြီး လူဝင်မှုကြီးကြပ်ရေး နန့် ပြည်သူ့အင်အားဝန်ကြီးဌာန — အတွင်းရေးမှူး

၈။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ လုပ်ငန်းတာဝန်တိမာ အောက်ပါအတိုင်းဖြစ်သည်။

(က) သန်းခေါင်စာရင်းကောက်ယူဖို့ ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ခြင်း၊ စာရင်းပြုစုခြင်းနန့် စာရင်းထုတ်ပြန်ခြင်းတိပါဝင်ရေ သန်းခေါင်စာရင်း လုပ်ငန်းတစ်ရပ်လုံး ပြီးမြောက်အောင်မြင်စီဖို့ အစိုးရအဖွဲ့၏မူဝါဒနန့် အညီ ဦးဆောင်မှုပီးခြင်း။

(ခ) သန်းခေါင်စာရင်း ကောက်ယူရေးအတွက် တာဝန်ဟိရေအဖွဲ့အစည်းက တင်ပြသည့် အသေးစိတ်အစီအစိုင်နန့် ညွှန်ကြားချက်တိကို အတည်ပြုခြင်း။

(ဂ) သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနန့် စပ်လျဉ်းလို့ သက်ဆိုင်ရာဝန်ကြီးဌာနတိ နန့် ညှိနှိုင်းဆောင်ရွက်ခြင်း။

(ဃ) ဗဟိုသန်းခေါင်စာရင်းကော်မတီ တိုင်းဒေသကြီး(ယေမှမဟုတ်)ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (ယေမှမဟုတ်)ကိုယ်ပိုင်အုပ်ချုပ်-

ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် (ယေမှမဟုတ်) ကျေးရွာအုပ်စုသန်းခေါင်စ-ာရင်းကော်မတီတိကို ဖွဲ့စည်းခြင်းနန့် ယင်းရို့၏လုပ်ငန်းတာဝန်တိကို သတ်မှတ်ခြင်း။
(င) သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း အောင်မြင်ရေးအတွက် လိုအပ်စွာတိကို ဖြည့်ဆည်းဆောင်ရွက်ခြင်း။
၉။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ လုပ်ပိုင်ခွင့်တိမာ အောက်ပါအတိုင်းဖြစ်သည်။
(က) သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းတိ ဆောင်ရွက်ဖို့ ဇာရုံး၊ ဌာန၊ အဖွဲ့အစည်းနန့် ကိုယ်စားလှယ် လုပ်ငန်းတိကိုမဆို တာဝန်ပီးအပ်ခြင်း။
(ခ) သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းနန့်စပ်လျဉ်းလို့ အများပြည်သူကို ပညာပီးခြင်း၊ စည်းရုံးခြင်း နန့် လှုပ်ရှားဆောင်ရွက်ခြင်း။
(ဂ) သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်ဖို့ စာရင်းစစ်တိနန့်စ-ာရင်းကောက်တိကို ခန့်အပ်တာဝန် ပီးခြင်းနန့် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း။
(ဃ) သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ဖို့ ကုလသမဂ္ဂအဖွဲ့အစည်းတိ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတိ ပြည်တွင်းပြည်ပက အစိုးရမဟုတ်တေ အဖွဲ့အစည်းတိနန့် ပူးပေါင်းဆောင်ရွက်ခြင်း။
(င) ပုဒ်မခွဲ(ဃ)ပါ ဌာန၊ အဖွဲ့အစည်းတိက လိုအပ်ရေ နည်းပညာနန့်ကူညီထောက်ပံ့မှုတိ ရယူပနာ စီမံခန့်ခွဲခြင်း၊ အသုံးပြုခြင်းနန့် ရန်ပုံငွေတစ်ရပ်ထူထောင်ခြင်း။

## အခန်း(၄)
## သန်းခေါင်စာရင်းကောက်ယူခြင်း

၁၀။ ဝန်ကြီးသည် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတိကို ကြီးကြပ်ဆောင်ရွက်ဖို့ ပြည်သူ့အင်အားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို သန်းခေါင်စ-ာရင်းတာဝန်ခံအဖြစ် ခန့်အပ်ရမည်။
၁၁။ သန်းခေါင်စာရင်းတာဝန်ခံအရာရှိသည်-
(က) သန်းခေါင်စာရင်းက ရဟိထားရေ အချက်အလက်တိကို အလျင်ထုတ်ပြန် ကြော်ငြာရမည်။
(ခ) မေးခွန်းပုံစံတိကို လက်ခံခြင်း၊ စာရင်းဇယားတိပြုစုခြင်း၊ အချက်အလက်တိ သိမ်းဆည်းခြင်းနန့် အစီရင်ခံစာ တိ ပုံနှိပ်ဖြန့်ဝေခြင်းတိကို ကြီးကြပ်ရမည်။
(ဂ) ပုဒ်မခွဲ(ခ)အရ ပြုစုထားရေ အစီရင်ခံစာတိမာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏

ကိုယ်ရေးအကြောင်းအရာကို ဖော်ထုတ်ခြင်းမဟိစီဖို့ ကာကွယ်ရမည်။

၁၂။ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်ရာမာ-

(က) သက်ဆိုင်ရာ တာဝန်ဟိအဖွဲ့ စာရင်းစစ်တိနန့် စာရင်းကောက်တိရေ တာဝန်ကျရာ ဒေသမာ အဆောက်အအုံတိထဲကို သတ်မှတ်ချိန်အတွင်း ဝင်ရောက်ခွင့်နန့် အဆောက်-အအုံတိမာ လိုအပ်ရေအမှတ်အသား တိကို ပြုလုပ်ခွင့်ဟိသည်။

(ခ) စာရင်းကောက်က သတ်မှတ်ထားရေ ဒေသထဲဟိ ပြည်သူတိကို သတ်မှတ်ထားရေ မိန်းခွန်းတိ မိန်းမြန်းခြင်းနန့် သတ်မှတ်ထားရေ စာရင်းပုံစံတိမာ ဖြည့်သွင်းစီဖို့ ဆောင်ရွက်ရာမာ မိန်းခွန်း မိန်းမြန်းခြင်း ခံရလူရေ မှန်ကန်စွာ ဖြေဆိုဖို့ ဖြေ-ကြားချက်တိကို စာရင်းပုံစံတိမာ မှန်ကန်စွာ ဖြည့်သွင်းဖို့ တာဝန်ရှိသည်။

(ဂ) မိန်းခွန်းကို ဖြေဆိုလူရေ အိမ်ထောင်ဦးစီး (ယေမှမဟုတ်) အိမ်ထောင်စု၏ တာဝန်ဟိလူ အိမ်ထောင်စုဝင် ဖြစ်ရမည်။

၁၃။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်က သန်းခေါင်စာရင်းကောက်ယူဖို့အတွက် စာရင်းစစ်တိနန့် စာရင်းကောက်တိကို ခန့်အပ်တာဝန်ပီးခြင်းမာ သက်ဆိုင်ရာဌာန အဖွဲ့အစည်းတိက အောက်ပါပုဂ္ဂိုလ်တိနန့် ညှိနှိုင်း၍ စာရင်းစစ်တိနန့် စာရင်းကောက်တိအဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်။

(က) တပ်ရင်းတပ်ဖွဲ့ဌာနချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းထောင်၊ ဆေးရုံ၊ စက်ရုံ၊ အလုပ်ရုံတိ၏ တာဝန်ဟိလူ။

(ခ) လူမှုရေး၊ ဘာသာရေးနန့် ပညာရေးဆိုင်ရာဌာနအဖွဲ့အစည်းတိ၏ တာဝန်ဟိလူ။

(ဂ) ဟော်တယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုခန်း၊ စုပေါင်းအိမ်ရာ၊ စုပေါင်းပိုင် အဆောက်အအုံ၊ အဆောင်၊ အသင်းအဖွဲ့ပိုင်အဆောက်အအုံ စသည်တို့၏ တာဝန်ခံ (ယေမှမဟုတ်) မန်နေဂျာ။

(ဃ) စီးပွားရေးလုပ်ငန်းတိ၏ တာဝန်ခံ (ယေမှမဟုတ်) မန်နေဂျာ။

## အခန်း(၅)
## တားမြစ်ချက်တိ

၁၄။ သန်းခေါင်စာရင်းကောက်ယူထားရေ အချက်အလက်တိနန့် စပ်လျဉ်းရေ စာရွက်စာတမ်းနန် စာအုပ်တိကို သန်းခေါင်စာရင်းကောက်ယူဖို့ တာဝန်ဟိသူမှအပ ဇာသူကမှစစ်ဆေးခြင်း (ယေမှမဟုတ်) ကူးယူသိမ်းဆည်းခြင်း မပြုရ။

၁၅။ အေဥပဒေအရ သန်းခေါင်စာရင်းကောက်ယူရေ အချက်အလက်တိကို သန်းခေါင်စာရင်းဆိုင်ရာ ကိစ္စကလွဲလို့ တခြားဇာကိစ္စအတွက်မှ အသုံးပြုခြင်း (ယေမှမဟုတ်) စစ်ဆေးခြင်းမပြုရ။

၁၆။ ဇာသူမှ -

(က) ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)အရ သက်ဆိုင်ရာတာဝန်ဟိအဖွဲ့၊ စာရင်းစစ်တိနန့် စာရင်းကောက်တိက သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအတွက် အဆောက်အအုံထဲသို့ သတ်မှတ်ချိန်အတွင်း ဝင်ရောက်ခြင်းနန့် အဆောက်အအုံတိမာ လိုအပ်ရေအမှတ်အသားတိ ပြုလုပ်ခြင်းကို နှောင့်ယှက်ခြင်း (ယေမှမဟုတ်) ဟန့်တားခြင်းမပြုရ။

(ခ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ခ)အရ မိန်းမြန်းသော မိန်းခွန်းတိ ဖြေဆိုဖို့ သတ်မှတ်ထားရေ မိန်းခွန်းပုံစံမာ ဖြည့်သွင်းဖို့ ငြင်းဆိုခြင်းသိယင့်နန့် မှားပနာ ဖြေဆိုခြင်း (ယေမှမဟုတ်) မှားယွင်းပနာ ဖြည့်သွင်းခြင်းမပြုရ။

(ဂ) သန်းခေါင်စာရင်းကောက်ယူရေအခါ မမှန်မကန်ဖြေဆိုစီဖို့ မိန်းခွန်းဖြေဆိုဖို့လူကို တိုက်တွန်းခြင်း၊ ခြိမ်းခြောက်ခြင်း (ယေမှမဟုတ်) သွေးဆောင်ဖြားယောင်းခြင်းမပြုရ။

၁၇။ ဇာစာရင်းစစ် (ယေမှမဟုတ်) စာရင်းကောက်မှ -

(က) သန်းခေါင်စာရင်းကောက်ယူရေးနန့် စပ်လျဉ်းရေ ပီးအပ်တေလုပ်ငန်းတာဝန်ကို ဆောင်ရွက်ဖို့ ခိုင်လုံရေ အကြောင်းပြချက်မဟိဘဲ ငြင်းဆိုခြင်း (ယေမှမဟုတ်) ပျက်ကွက်ခြင်းမဟိရ။

(ခ) သန်းခေါင်စာရင်းကောက်ယူရာမာ သတ်မှတ်ထားရေ မိန်းခွန်းပုံစံမာမပါဝင်ရေ မိန်းခွန်းကို မိန်းမြန်းခြင်း မပြုရ။

(ဂ) သန်းခေါင်စာရင်းကောက်ယူရာမာ သိဟိရရေ တစ်ဦးတစ်ယောက်၏ ကိုယ်ရေးအကြောင်းအရာကို ထုတ်ဖော်ခြင်းမပြုရ။

၁၈။ ဇာသူမှ စာရင်းကောက်အဖြစ် အယောင်ဆောင်ခြင်းမပြုရ။

## အခန်း(၆)
## ပြစ်မှုနန့်ပြစ်ဒဏ်တိ

၁၉။ ဇာသူမဆို ပုဒ်မ ၁၄၊ ပုဒ်မ ၁၅ နန့် ပုဒ်မ ၁၆ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရကေ ယင်းလူကို တစ်လထက် မပိုရေ ထောင်ဒဏ်ဖြစ်စီ၊ ကျပ်ငါးသောင်းထက် မပိုရေ ငွေဒဏ် ဖြစ်စီ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စီ ချမှတ်ရမည်။

၂၀။ ဇာစာရင်းစစ် (ယေမှမဟုတ်) စာရင်းကောက်မဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက်-တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်စွာခံရကေ ယင်းလူကို တစ်လထက်မပိုရေ ထောင်ဒဏ်ဖြစ်စီ၊ ကျပ်ငါးသောင်းထက် မပိုရေ ငွေဒဏ်ဖြစ်စီ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စီ ချမှတ်ရမည်။

၂၁။ ဇာလူမဆို ပုဒ်မ ၁၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်စွာခံရကေ ယင်းလူကို တစ်နှစ်ထက်မပိုရေ ထောင်ဒဏ်ဖြစ်စီ၊ ကျပ်ငါးသိန်းထက် မပိုရေ ငွေဒဏ်ဖြစ်စီ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စီ ချမှတ်ရမည်။

## အခန်း(၇)
## အထွေထွေ

၂၂။ မြန်မာနိုင်ငံထဲ မှီတင်းနီထိုင်ရေ အကူအညီ ပီးနိုင်စွမ်းဟိ သူတိုင်းရေ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းမာ ကူညီဆောင်ရွက်ဖို့ တာဝန်ဟိသည်။

၂၃။ အေဥပဒေဖွဲ့စည်းရေ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နန့် ဗဟိုသန်းခေါင်စာရင်းကော်မတီရို့ရေ အေဥပဒေ မပြဌာန်းခင် အစိုးရအဖွဲ့က ဖွဲ့စည်းခရေ ဗဟိုသန်းခေါင်-စာရင်းကော်မရှင်နန့် ဗဟိုသန်းခေါင်စာရင်းကော်မတီရို့၏ တာဝန်နန့် လုပ်ပိုင်ခွင့်တိကို ဆက်ခံဆောင်ရွက်ရမည်။

၂၄။ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်အဖွဲ့ဝင်၊ ဗဟိုသန်းခေါင်စာရင်းကော်မတီဝင်၊ သန်းခေါင်စာရင်း ကော်မတီအဆင့်ဆင့်၏ ကော်မတီဝင်၊ စာရင်းစစ် စာရင်းကောက်နန့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းမာ တာဝန်ပီးအပ်ခြင်းခံရရေ ပုဂ္ဂိုလ်တိကို တာဝန်ထမ်းဆောင်ချိန်မာ ပြည်သူ့ဝန်ထမ်းအဖြစ် သတ်မှတ်သည်။

၂၅။ အစိုးရအဖွဲ့ရေ သန်းခေါင်စာရင်းကောက်ယူဖို့ လိုအပ်တေ ရုံးဝန်ထမ်းအဖွဲ့တိကို ဖွဲ့စည်းပီးနိုင်သည်။

၂၆။ အေဥပဒေပါ ပြဌာန်းချက်တိကို အကောင်အထည်ဖော် ဆောင်ရွက်ရာမာ-

(က) ဝန်ကြီးဌာနရေ လိုအပ်ပါကေ နည်းဥပဒေတိ၊ စည်းမျဉ်းနန့်စည်းကမ်းတိကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်နန့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနန့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ရို့ရေ လိုအပ်ပါကေ အမိန့်ကြော်ငြာစာ၊ အမိန့် ညွှန်ကြားချက်နန့် လုပ်ထုံးလုပ်နည်းတိကို ထုတ်ပြန်နိုင်သည်။

၂၇။ ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သန်းခေါင်စာရင်းဥပဒေကို အေဥပဒေနှင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Printed with support from the United Nations Population Fund (UNFPA)